- To monitor human rights situations in Mon territory and other areas southern part of Burma
- To protect and promote internationally recognized human rights in Burma

**HUMAN RIGHTS FOUNDATION OF MONLAND (BURMA)**

P.O Box 35, Sangkhlaburi, Kanchanaburi 71240, Thailand, Tel : + 66 034 595 665, Fax + 66 034 595 665, www.rehmonnya.org


**သတင်းထုတ်ပြန်ချက်**

# ပြည်သူတို့၏မြေယာများအား အစိုးရရေတပ်မှ အဓမ္မသိမ်းဆည်းခြင်း

တနင်္သာရီတိုင်း ရေဖြူမြို့နယ် ကျွဲသုံးညီမကျွန်းပေါ်ရှိ မွန်ပြည်သူများ၏ ခြံမြေများကို သိမ်းဆည်းသည့် အစီရင်ခံစာ

## မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

ဩဂုတ်လ ၁၅ ရက်၊ ၂၀၁၁ ခုနှစ်

မြန်မာနိုင်ငံတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးပါတီမှ သမတဦးသိန်းစိန် အစိုးရသစ်ဖွဲ့စည်းပြီးဖြစ်သော်လည်း တိုင်းရင်းသားဒေသအများစုတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ကျူးလွန်ခံနေရဆဲ ဖြစ်သည်။ အစိုးရသစ်သည် ဗမာ့တပ်မတော်အား ကျော ထောက်နောက်ခံပြုထားသဖြင့် စစ်တပ်မှ ကျူးလွန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ရပ်တန့်စေရန် မစွမ်းဆောင်နိုင်ရုံသာမက ရပ်တန့်သွားအောင် ဆောင်ရွက်နိုင်သည့် အခွင့်အာဏာလည်း အလျဉ်းမရှိကြောင်း တွေ့ရသည်။ ထို့ကြောင့် စစ်တပ်များ၊ အစိုးရနှင့်နီးစပ်သည့် စီးပွားရေးကုမ္ပဏီများမှ မြေယာသိ မ်းဆည်းမှုတို့သည် မွန်ပြည်နယ်၊ ကရင်ပြည်နယ်ရှိ ဒေသများတွင်သာမက တနင်္သာရီတိုင်းရှိ ဒေသများထိတိုင် ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

ပြီးခဲ့သည့် ၂၀၁၀ ခုနှစ် ဒီဇင်ဘာလမှစတင်ပြီး "ကဒိုက်" အခြေစိုက် အစိုးရရေတပ်တိုင်းဒေသ လက်အောက်ခံရေတပ် တပ်ရင်းအမှတ် (၄၃) သည် တနင်္သာရီတိုင်း ရေဖြူမြို့နယ် ကျွဲသုံးညီမကျွန်းပေါ်ရှိ မွန်ပြည်သူများပိုင်ဆိုင်သည့် အဖိုးတန်ရာဘာခြံနှင့် အိမ်ခြံမြေအပါအဝင် မြေကေပေါင်း (၁၀၀၀) ကျော်ကို အဓမ္မသိမ်းဆည်းခဲ့သည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ မှတ်တမ်းပြုစုချက်များအရ ရာဘာခြံမြေ ကေပေါင်း (၁၀၀၀) ကျော်ကို ရေတပ်မှ သိမ်းဆည်းခဲ့သည့်အပြင် ကျွန်းနှင့်အနီးအနားတဝိုက်ရှိ အခြားသော အဖိုးတန် ရာဘာခြံမြေကေပေါင်း (၃၀၀၀) ခန့်ကိုလည်း ဆက်လက်သိမ်းဆည်းသွားရန် ခြံမြေ များကို သတ်မှတ်တိုင်းထွာခဲ့ပြီး ဖြစ်သည်ကို တွေ့ရသည်။

သိမ်းဆည်းခဲ့သည့် ခြံမြေများပေါ်တွင် စစ်လေ့ကျင့်ရေးကွင်း၊ သင်တ န်းကျောင်းနှင့် စစ်တန်းလျားများ တည်ဆောက်ရန်အတွက်ဖြစ်သည်ဟု ရေတပ်အာဏာပိုင်များက အကြောင်းပြထားသည်။ ယင်းမြေယာသိမ်းဆည်းမှုများကြောင့် ရာဘာခြံမြေပိုင်ရှင် အိမ်ထောင်စုပေါင်း (၂၄၀) ခန့် သူတို့၏ခြံမြေများ ဆုံးရှုံးခဲ့ရသည့်အပြင် ဆက်လက်လုပ်ကိုင်ခွင့်ကိုလည်း ရေတပ်အာဏာ ပိုင်များက ပိတ်ပင်ထားပြီးဖြစ်သည်။ ပင်မစီးပွားရေးဖြစ်သည့် ခြံမြေများ သိမ်းဆည်းခံရပြီးနောက် ခြံပိုင်ရှင်မိသားစုများအနေဖြင့် အခက်အခဲ မျိုးစုံရင်ဆိုင်ကြုံ တွေ့နေ ကြရသည်။

ခြံမြေပိုင်ရှင်များသည် နှစ်ပေါင်းများစွာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်စားသောက်လာခဲ့သည့် ခြံမြေ များ အချိန်တိုတိုအတွင်း ဆုံးရှုံးခဲ့ရသဖြင့် လတ်တလော စားဝတ်နေရေးကို များစွာ အခက်အခဲဖြစ်စေသည်။

- ခြံမြေပိုင်ရှင်မိသားစုများသည် အများအားဖြင့် ရာဘာထုတ်လုပ်မှုမှရသည့် ဝင်ငွေအခုတည်းကိုသာ အားထားနေကြရသဖြင့် ယခုလို ပုံမှန်ဝင်ငွေမရှိတော့သည့်အတွက် ၎င်းတို့၏ ကျန်းမာရေး စောင့်ရှောက်မှု၊ သားသမီးများ၏ ပညာရေးနှင့် အခြားအသုံးစရိတ်များအတွက် အခက်အခဲကြုံတွေ့ကြရသည်။
- အလုပ်လက်မဲ့ဘဝသို့ အတင်းအဓမ္မ တွန်းပို့ခံကြရသည့်အတွက် မိမိတို့၏ နေရပ်ရင်းဒေသများတွင် ဆက်လက်ရပ်တည်ရန် အခြေအနေမပေးတော့သည့်အတွက် အိမ်နီးချင်းထိုင်းနိုင်ငံသို့ ရရာအလုပ်လုပ်ကိုင်ကြရသည့် အခြေအနေသို့ ရောက်သွားကြရသည်။
- နေရပ်ရင်းတွင် မရွှေ့ပြောင်းနိုင်ပဲ ကျန်ရစ်နေသည့် မိသားစုများမှာလည်း မိမိတို့၏ခြံမြေများ ဆုံးရှုံးသွားရသည့်အပြင် စစ်တပ်များမှ ဆက်လက်ပြီး အဓမ္မလုပ်အားပေးစေခိုင်းမှု၊ ပေါ်တာအဖြစ် ဖမ်းဆီးခိုင်းစေမှု၊ ငွေကြေးအကောက်ခွန်များ မတရားပေးဆောင်ရမှုများ ဆက်လက်ကြုံတွေ့ရဦးမည် ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်တွင်လည်း ဒေါက်တာခင်ရွှေပိုင် ဇေကမ္ဘာကုမ္ပဏီမှ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် နိတုံကျေးရွာတွင် ဘိလပ်မြေစက်ရုံစီမံကိန်းအတွက် လယ်မြေကေပေါင်း (၈၀၀) ခန့်ကို သိမ်းယူခဲ့သည်။ နောက် ပိုင်းလယ်သမားများမှ နေပြည်တော်အစိုးရသို့ တိုင်းတန်းခဲ့သည့်အတွက် ကာလတန်ဖိုးအောက် အဆပေါင်းများစွာလျော့နည်းသည့် လျော်ကြေးငွေများကို ပေးလျော်ခဲ့သည်။ သို့သော် ယင်းလျော်ကြေးငွေများမှာ လယ်မြေများဆုံးရှုံးပြီး ဘဝပျက်သွားကြသည့် တောင်သူများကို ပြန်လည်နလန်ထူရန် မ စွမ်းဆောင်နိုင်ခဲ့ပေ။

အစိုးရသစ် ဖွဲ့စည်းပြီးသည့်နောက် ဒေသတွင်း လူ့အခွင့်အရေးအခြေအနေများ တိုးတက်ကောင်းမွန်လာလိမ့်မည်ဟု မွန်ပြည်သူအများစုက မျှော်လင့်ထားခဲ့သည်။ သို့ရာတွင် လက်ရှိဖြစ်ပေါ်နေသော ချိုးဖောက်မှုအခြေအနေများမှာ ယခင်အစိုးရလက်ထက် အခြေအနေများထက်ပင် ဆိုး ရွားလာနေသည်ကို တွေ့မြင်နေရသည်။

ထို့ကြောင့် မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်းမှ မွန်ပြည်သူတို့၏ အသံများကို ကိုယ်စားပြုကာ အောက်ပါအချက်များကို တောင်းဆိုလိုက်သည်။

- ဦးသိန်းစိန်အစိုးရအနေဖြင့် စစ်တပ်နှင့် စီးပွားရေးကုမ္ပဏီတို့၏ အဓမ္မမြေယာသိမ်းဆည်းနေမှုများ ကို အမြန်ဆုံးတားဆီးပေးရန်၊
- မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ မွန်ပြည်သူများ ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်ထောင်စုလွှတ်တော်နှင့် မွန်ပြည်နယ်လွှတ်တော်မှ မြေယာသိမ်းဆည်းခြင်းခံခဲ့ရသည့် မြေပိုင်ရှင် လယ်ပိုင်ရှင်တို့၏ ဘဝလုံခြုံရေးနှင့် တရားမျှတရေးအတွက် ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ပေးရန်၊
- မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာသောမတ်အိုဟေးကွမ်တာနား အနေဖြင့် စစ်တပ်မှ တရားမဲ့သိမ်းယူထားသည့် ပြည်သူပိုင်မြေများအား သိမ်းယူနေမှုများအပေါ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပေးရန်။

ဗမာ့တပ်မတော်မှ စစ်တပ်များသည် တိုင်းရ င်းသားပြည်သူများအပေါ် မြေယာများ အဓမ္မသိမ်းပိုက်ခြင်း နည်းလမ်းဖြင့် တိုက်ခိုက်နေသည်။ နိုင်ငံတော်အစိုးရကလည်း ဒေသခံ တိုင်းရင်းသားတို့အား ၎င်းတို့ဒေသတွင်းရှိ သယံဇာတ၊ မြေယာနှင့် အခြားသောပိုင်ဆိုင်မှုများအပေါ် ဆုံးဖြတ်ချက်ပေးနိုင်သည့် အခွင့်အ လမ်းများမရှိစေပဲ လက်ဝါးကြီးအုပ်ထားသည်။ အစိုးရ အနေဖြင့် တိုင်းရင်းသားဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်ချိုးဖောက်နေပါလျှင် အစိုးရနှင့် တိုင်းရ င်းသားများအကြား ဖြစ်ပွားနေသည့် ပဋိပက္ခများမှာ ပိုမိုရှည်ကြာသွားဖို့သာရှိမည်ဖြစ်ကြောင်း ထုတ်ပြန်လိုက်ရပေသည်။

ပိုမိုသိရှိလိုပါက -

***Nai Aue Mon** – +66 (0) 861 67 9741 (Coordinator, Human Rights Documentation and Dissemination Project, Human Rights Foundation of Monland - Burma)*

***Nai Chan Dein** – +66 (0) 811 97 9202 (Coordinator, Human Rights Documentation and Advocacy Project, Human Rights Foundation of Monland - Burma)*

*E-mail:* info@rehmonnya.org*, Website:* www.rehmonnya.org